# ကျွန်တော့်ယောကျ်ား

# သူကြီးသား



by

Delliana Shiroki

ကိုယ်မင်းရဲ့ ပါရမီဖြည့်ဖက်ဖြစ်ခွင့်ရှိမလား

သူရိန်ရှင်းနောင်

ဒေါက်တာ ကျုပ်ကိုအခုရည်းစားစကားပြောလိုက်တာလား ...

ဒေါနရောင်

ဤဇာတ်လမ်းတွင်ပါဝင်သော ဇာတ်ကောင်၊ နေရာဒေသ ၊ အခေါ်အဝေါ် များသည် စာရေးသူ၏စိတ်ကူးသက်သက်သာဖြစ်ပါသည်။ မည်သူတစ်ဦး တစ်ယောက် တစ်စုံတစ်ရာကိုမှ ရည်ရွယ်ပြောဆိုခြင်းမရှိပါ။ပထမဆုံး အရေးအသားဖြစ်သည့်အလျောက် အမှားများစွာပါနိုင်ပါသည်။
ချစ်တဲ့စိတ်ဖြင့် ဝေဖန်ပေးကြပါ။

စာဖတ်သူတိုင်းကို မြတ်နိုးလျက် ...

***

## အပိုင်း ၁

"အမလေး ... အဘရေ ... ဖြစ်မှဖြစ်ရလေ အဘရဲ့ ..''

" ဟော့ကောင်ဒေါန အသံပြဲကြီးနဲ့အော်မနေစမ်းနဲ့ .. အရပ်က ကြားရင် ငါ ဘဝကူးသွားပြီ ထင်နေဦးမယ်...''

" အော်မှာပဲ.. အဘဘာလို့ ကျုပ်ကို ထိပ်တုံးခတ်လဲ သူကြီးသားဖြစ်ပြီး သူကြီးထိပ်တုံးခတ်တာခံရတာ အမလေး. ... ကြားလို့မှကောင်းကြသေးရဲ့ လား အရပ်ကတို့ရေ....''

"ဟာ...တိတ်စမ်း ဟော့ကောင်.. မင်းရော သူကြီးသားဖြစ်ပြီး သူများခြံက ကြက်ခိုးတာ ကြားလို့ကောင်းသလား ဟမ်...မသိရင် ငါက မကျွေးမမွေးလို့ ခိုးစားနေရတဲ့ပုံ ဖြစ်မနေဘူးလား..."

"အဘကလည်း ခိုးစားတဲ့ကြက်ကမှ ပိုအရသာရှိတာကို မသိလည်း မသိဘဲနဲ့ ... အီးဟီး အမလေး အဘရေ အဘရဲ့"

" ဟာ.. ဒီမအေဘေး..."

***

ရဝေကုန်း ရွာကလေးသို့ ကျွန်တော် တာဝန်ကျဖြင့် မနက်အစောရောက်လာခဲ့သည်။ တစ်ညတာလုံးကားစီးလာရသဖြင့် လူက ပင်ပန်းမှုကြောင့် ခေါင်းနောက်နေသည်မှာအမှန်ပင်။

ရွာကလေးသည် မြို့ပြနှင့် အလွန်ဝေးလံသော အရပ်တွင်တည်ရှိ၍ ငှက်ကလေးများ၏ ပိကျိပိကျိအော်သံညံညံတို့မှာ သာယာနာပျော်ဖွယ်စိတ်ကို ကြည်လင်စေ၏။ ရွာသို့ ဝင်ဝင်ချင်းပင် မြို့မှာကဲ့သို့ မွန်းကြပ်မနေဘဲ သဘာဝ၏လေကိုရှူရှိုက်ရသဖြင့် ၂၇နှစ်တာ ပင်ပန်းခဲ့သမျှ စိတ်အပန်းကို ပြေသွားသယောင်ရှိ၏။

ဟော...ပြောရင်းဆိုရင်းနဲ့ ရွာက အကြိုလွှတ်လိုက်သည့် သူလာပြီထင်ရဲ့။ ထိုသူနှင့်အတူ တည်းရမည့် ရွာသူကြီး ဦးဘရောင်အိမ်သို့ အထုပ်နှစ်ထုပ်အား နွားလှည်းပေါ်အသာမတင်ကာ ထိုလူမောင်းနှင်ရာသို့ ဦးတည်ခဲ့သည်။

"သူကြီးရေ ဗျို့သူကြီး ... ဒီမှာ မြို့က ဒေါက်တာလေးကို ကြိုလာပြီဗျ ... ကျုပ်ဆရာလေးကို ထားခဲ့ပြီနော်.."

သူကြီးအားအော်ခေါ်ပြီး အကျိုးအကြောင်းပြောပြီးသည်နှင့် ထိုသူမှာ ကျ

နော့်အာ နှုတ်ဆက်ကာ လှည့်ပြန်သွားသည်မှာ နှုတ်ဆက်ချိန်တောင် မမီလိုက်။

" ဟော .... လာပြီလားဗျ ဆရာလေးရဲ့ မနက်အစောထဲက ကျုပ်က စောင့်နေတာ ဆရာလေးအလာကို ... ထိုင်ပါဦး အကြမ်းရေလေးသောက်ဗျာ... မယ်တင်ရေ လက်ဖက်သုပ်လေးလုပ်အုံးဟေ့ ဆရာလေးအတွက်..''

"အဘရေ... အမလေး အဘရဲ့..... ကျုပ်ကို တစ်ယောက်ထဲထားခဲ့ပြီလား အဘရဲ့.....''

"ဟ... ဒီကောင်နဲ့တော့ .... ဆရာလေးရယ် အားနာပါရဲ့ အဲ့အသံက ကျုပ်သားဒေါနရောင်အသံပါ... ဒင်းသူများခြံက ကြက်သွားခိုးတာ ဟိုက ကျုပ်ကိုလာတိုင်လို့ ခုလို နောက်ဖေးမှာ ထိပ်တုံးခတ်ထားရတာပဲဗျာ ..... ဆရာလေးလည်း ခရီးပမ်းလာရောပေ့ါ မယ်တင်ရေ ဆရာလေးအတွက် အခန်းလိုက်ပြလိုက်အုံး....ဆရာလေး အေးအေးဆေးဆေးနားနော် ကျုပ်ဓမ္မာရုံခဏသွားမလို့ ထမင်းစားအမီပြန်ခဲ့မယ်နော့်....''

ကျွန်တော့်အား တရိုတသေဖြင့်စကားပြောကာ နှုတ်ဆက်နေသော အသားညိုညို ထောင်ထောင်မောင်းမောင်းနှင့် ခန့်မှန်းခြေ အသက် ၅၀ ခန့်လောက်ရှိပြီထင်ရသည့် ဦးလေးကြီးမှာ ဤရွာ၏ သူကြီး ဦးဘရောင်ဖြစ်လိမ့်မည်။ ရွာသူရွာသားတို့၏ အရိုးခံအမူအကျင့်အတိုင်း ရိုးသားဖော်ရွေ ညေ့ဝတ်ကျေ ကြပုံမှာ ပြောစရာမလိုအောင်ပင်။

ဒီလိုနှင့် မယ်တင် ဆိုသည့် အမျိုးသမီး လိုက်ပို့သည့် အခန်းအတွင်းသို့ ဝင်လိုက်သည်နှင့် ပထမဦးဆုံးမြင်တွေ့ရသည်မှာ ကျွန်တော်နေခဲ့သည့် မြို့ကလို အခန်းအတွင်း ပရိဘောဂအစုံအလင်မရှိသော်ငြားလည်း ပြောင်လတ်နေသော ပျဥ္ဥ်းကတိုးကုတင်လေးမှာ ကျွန်တော့်တစ်ယောက်စာအတွက်တော့ ကျယ်ကျယ်ဝန်းဝန်းရှိသည်ဟု ဆိုရမည်။

အခန်းထဲပစ္စည်းများအား နေရာတကျ ချစရာရှိသည်ကိုချ၍ နားနားနေနေ နေနေသည်မှာ နေ့လည်ထမင်းစားချိန်တောင် ရောက်နေပြီ ဖြစ်သည်။ သို့သော် အခုနကသူကြီးပြောတဲ့ ထိပ်တုံးစာမိနေသည့် သူကြီး၏သားဆိုသူကိုတော့ ခုထက်ထိတိုင် ဖြူသလားမဲသလားတောင် မ မြင်တွေ့ရသေး။ ဒါသည် ကြက်ခိုးမှုကြောင့် အချိန်အတော်ကြာ ထိပ်တုံးစာ မိနေခြင်း ဖြစ်ပါလိမ့်မည်။

ထမင်းမစားခင် ရေချိုးတတ်သည့်အကျင့်ကြောင့် အစ်မမယ်ထင်အား ရေချိုးရန်နေရာကို မေးမြန်းကာ အိမ်နောက်ထဲသို့ဝင်လာခဲ့လိုက်သည်။ ရေချိုးခန်းကဲ့သို့ အလုံပိတ်အကာအရံမရှိသော်လည်း လေးထောင့်အုတ် ကန်ကြီးမှာ ကျွန်တော့်ရင်ဘတ်နီးပါးမြင့်သည်ကြောင့် လုံလုံခြုံခြုံချိုး၍ တော့ရသည်။ ရေချိုးပြီး ပြန်အထွက်တွင် အုတ်ကန်ဘေးမှ ထွက်ပေါ်လာ သော လူရိပ်မဲမဲကြောင့် ကြောက်လန့်တကြားအော်မိသည်က.....

" အမလေး နှာဘူး နှာဘူး!!"

မိမိမျက်စိရှေ့တွင် ကြောက်အားလန့်အားဖြင့် လူကိုစွပ်စွပ်စွဲစွဲအော်နေသူ မှာ အဘပြောသည့် မြို့က ဒေါက်တာဆိုသူဖြစ်မည်။ ဖြူဖြူဖွေးဖွေးအသား အရည်မှာ အသုဘအိမ်က မသာကြီးကဲ့သို့၊ မှေးမှေးကျဥ်းကျဥ်းမျက်လုံး ပေါက်မှာ တရုတ်ဘိန်းစားလေးကဲ့သို့ ၊ ထူပိန်းပိန်းနှုတ်ခမ်းရဲရဲတို့မှာလည်း မျောက်ဖင်နီနှင့်နင်လားငါလားပင်၊ နှာခေါင်းချွန်ချွန်တို့မှာကြည့်ကောင်း သည်ဆိုပေမယ့် မိမိလောက်တော့လှမနေ။

အက်မယ် ဗိုက်မှာလည်း ဟိုကောင် သူရပြောသလို စောက်ပတ်တွေနဲ့ပါ လား။ အရပ်ကတော့ ခန့်မှန်းခြေ ၅ပေ၁၁လောက်ရှိမည်။ အဆိုးဆုံး ကတော့ သူ့ခေါင်းပေါ်က ခပ်ကောက်ကောက်နှင့် အညိုရောင်ခြေသုတ်ခုံ ကြီးပင်။

မိမိအားစူးစူးစိုက်စိုက်ကြည့်၍ ပြုံးလိုက်ပြလိုက် ပြုံးလိုက်ဖြီးလိုက်လုပ်နေပါသော ထိုလူသားမှာ ကျပ်ရောပြည့်ပါရဲ့လား။ ဒါဟာ မဟုတ်မှ… သူကြီးပြောတဲ့ ထိပ်တုံးစာမိနေသည့် ကြက်သူခိုးလေးဖြစ်ရမည်။ ဘယ်အချိန်ကတည်းက ထိပ်တုံးမှလွတ်လာလဲမသိ။

"ဘာဖြစ်တာလဲ ဒေါက်တာလေး… ခုနကအော်သံကြားလိုက်လို့ ကျုပ်အိမ်ရှေ့ကနေကနေပြေးလာတာ.. ''

အလောတကောပြေးလာသောသူကြီးသည် ခုမှ ဓမ္မာရုံကပြန်လာသည့်ပုံပင်။ သို့သော် ခုထိ အုတ်ကန်ဘေးတွင်ရပ်နေသော သူ့သားကိုတော့ မြင်ပုံမပေါ်သေး။

" အဘ!!!''

" အမလေး…ေ-ာက်ခွေးရဲ့ လန့်လိုက်တာ ဒေါန မင်းမလည်း ငါ့နှလုံးရောဂါအကြောင်းလည်းသိရက်နဲ့ ဒီလောက်အကျယ်ကြီး အော်ရလားမအေဘေး ရဲ့။ အော်.. ကန်တော့ပါရဲ့ ဆရာလေးရယ် ကျုပ်တို့သားအဖက သူငယ်ချင်းပေါင်း ပေါင်းတာမို့ အပြောအဆိုက အဲ့သလိုပဲဗျာ။ ဆရာလေးကိုတော့ အားနာပါရဲ့ ''

"ရ ရပါတယ်ဗျ… ခုခေတ်လူငယ်တွေက အဲ့သလိုပေါင်းပြီး သင်ပြမှနားလည်တဲ့အမျိုးမို့လို့ ကျွန်တော်သဘောပေါက်ပါတယ်ဗျ..''

ဆရာလေး၏ဖြေရှင်းသံအဆုံးတွင်..

" အံမယ် … ခုခေတ်လူငယ်လို့ စကားကြီးစကားကျယ်ပြောရအောင်ခင်ဗျားက အတော်ကြီးနေပြီမို့လား။ ကြည့်ရတာ ကျုပ်ထက်တောင်ငယ်မယ့်ပုံ…''

"ဟော့ကောင် ဆရာလေးက မင်းထက်နှစ်နှစ်တောင်ကြီးတယ် .. မရိုမသေ

နဲ့ ပြန်တောင်းပန်စမ်း အခု! "

"ဦးဘရောင်ကြီးကလည်းကွာ... တစ်ဦးတည်းသောသား နုနုထွတ်ထွတ်လေးကို တအားအနိုင်ကျင့်တာပဲနော်..''

" ဘယ်လိုဖြစ်နေလဲမင်း ကန္တကလျနဲ့ ... ဒါနဲ့မင်းကိုဘယ်သူထိပ်တုံးဖြုတ်ပေးလိုက်တာလဲ''

"အဘကလည်း ထမင်းစားချိန်တောင်ရောက်နေပြီ။ ကျုပ်က ထိပ်တုံးကြီးနဲ့စားရမှာလားလို့..အဲ့တာကြောင့် မယ်တင်ကိုဖြုတ်ခိုင်းလိုက်တာ... အဲ့မယ်တင်အရမ်းဆိုးသိလား။ အဘစကားကိုလည်းနားမထောင်ဘူး။ သူ့ကိုထိပ်တုံးခတ်ရမှာ..အဘရဲ့..''

"တိတ်စမ်း ထိတ်တုံးဖြုတ်ပေးတဲ့သူကို ကျေးဇူးမတင် ဖင်လှန်ပြတဲ့ကောင်...''

မျက်စိရှေ့တွင် ကလေးတွေကဲ့သို့ စကားအချေအတင်များကာ ကျီစယ်နေသော သားအဖနှစ်ယောက်အားကြည့်၍ အပြင်လူဖြစ်သည့်ကျွန်တော့်အဖို့တောင် မိသားစု၏နွေးထွေးမှုကိုခံစားမိစေသည်။

သူကြီးသားအဆိုးအပေနှင့် ကျွန်တော့်၏ ပထမဦးဆုံးတွေ့ဆုံမှုမှာ ထိုကဲ့သို့ပင်...။

***

အပိုင်း ၂

ထမင်းစားပွဲတွင် တိတ်ဆိတ်နေသော သားအဖနှစ်ယောက်အား ကျွန်တော်သတိပြုမိ၏။ အိမ်ရှင်ဖြစ်သူတွေက တိတ်ဆိတ်နေသဖြင့် ဧည့်သည်ဖြစ်သည့် ကိုယ့်မှာလည်း အသံမထွက်ရဲ ။ ဤသည်ကိုသတိထားမိသည့် သူကြီးက..

"ကျုပ်တို့ သားအဖတိတ်ဆိတ်နေတော့ ဆရာလေး နေရကျပ်နေပုံပဲ... ဒါက ဒီကောင့်အတွက် ကျုပ်ထုတ်ထားတဲ့ စည်းကမ်းဗျ...မဟုတ်ရင် ဒီကောင်စကားတစ်ခွန်းဟတာနဲ့ တစ်ခါရန်ဖြစ်ရလွန်းလို့... ကျုပ်တို့အိမ်အကြောင်း နောက်တော့ ကျင့်သားရသွားမယ် .... ဟင်းတွေလည်း ထည့်စားပါ အားမနာနဲ့ဗျာ မလောက်ရင် မယ်တင့်ကို ထပ်ထည့်ခိုင်းမယ် စားသာစား..ဆရာလေးရေ..''

"ဟုတ်ပ... ခင်ဗျား ထမင်းစားတာကလည်း နည်းလှချည်လား.. ကြောင်စာလောက်လေးရယ်..စားစမ်းပါဗျ ခွေးလိုဝက်လိုအားရပါးရ... ''

"ဖွီး း း း း အဟွတ်..''

တစ်တုံးတစ်ခဲဖြင့် ဥပမာပေးလာသူကြောင့် လည်ချောင်းထဲက ထမင်းပင် အပြင်သို့ အတောင့်လိုက်ပြန်ထွက်ချင်သည်။ ပွင့်လင်းမြင်သာမှုရှိလိုက်တာဗျာ....။

စားပွဲအလယ်တွင်ရှိနေသော ကြက်သားဟင်းပန်းကန်အားနှိုက်ရန် ဟင်းခွက်ထဲရှိဇွန်းအား လက်လှမ်းမိချိန်တွင် မျက်နှာချင်းဆိုင်တွင်ရှိသည့်

သူကြီးသား ကြက်သူခိုးလေးနှင့် ကျွန်တော် လက်ချင်းဆုံမိကြသည်။

အမလေး... ဘုရား ဘုရား ဒီဆရာဝန်နဲ့ ဟင်းလက်ဆုံကျမိတာလေးကို ဘာကြောင့် ရင်ဘက်ထဲကအကောင်က အလိုက်ကန်းဆိုးမသိ အသဲအသန် ခုန်ပေါက်နေသလဲ။ ချောပေ့လှပေ့ဆိုသည့် ရွာတောင်ပိုင်းက ကွမ်းတောင်ကိုင် မိစံပယ်နဲ့ ဓမ္မာရုံမှာ လက်ဖက်သုပ်လုစားတုန်းကတောင် အခုလောက်ရင်မခုန်ပေ။

" အဟမ်း အဟင်း ဟို..ဟို..ခင်ဗျားနာမည်ရည်းစားရှိလား..."

ဟိုက်..သေလိုက်ပါတော့ ဒေါနရေ.. ရှက်ရမ်းရမ်းပြီး မေးချင်ရာတွေမေး လိုက်တာက ခင်ဗျားနာမည်ဘယ်သူလဲ မဟုတ်ဘဲ ခင်ဗျားနာမည်ရည်းစား ရှိလားတဲ့ အမလေး အဘကယ်ပါ... ကျုပ်အသက်တောင် ရဲရဲမရှူချင်တော့ ဘူးဗျာ။ ဒါဘယ်လိုမျက်နှာပြောင်တိုက်မှုကြီးလဲ ...

ခွီး...ဒါဘယ်လိုမေးခွန်းမျိုးလဲ.. သို့ပေမယ့် သူအရှက်ပြေအောင် မသိချင် ယောင်ဆောင်လို့ မေးခွန်းလေးတော့ပြန်ဖြေပေးအုံးမှပါလေ...

" ကိုယ့်နာမည် သူရိန်ရှင်းနောင် ပြီးတော့...... ''

" ရည်းစားဆိုလို့ မူးလို့ရှူစရာတောင်မရှိဘူးခင်ဗျ''

ထို ဂွတတမေးခွန်းအား မြန်မာဗီဒီယိုဇာတ်ကားထဲမှ သရုပ်ဆောင် 'ကိုကို ဦး' အပြုံးကြီးဖြင့် ကျကျနနပြန်ဖြေလာသူကြောင့် ကျုပ်အလိုလို ခေါင်း ရော ဖင်ပါကျိမ်းမိသည်။ ဒီလူဘယ်လိုလူလဲ။ ဒီကိစ္စကို မကြားချင်ယောင် ဆောင်ပေးလိုက်လို့မရဘူးလား မျက်နှာတွေပူလိုက်တာ ငါ-ိုး.... ။

" အဟမ်း.. အဟွတ်..''

အပြန်အလှန် အကြည်စိုက်နေသော နှစ်ယောက်ကြား ဒီတစ်ခါ ချောင်းဟ န့်သံအကျယ်ကြီးအား ထုတ်လွှတ်လာသူမှာ သူကြီးပင်ဖြစ်သည်။

ထမင်းဝိုင်းတွင် ခုမှတွေ့ဖူးကြသည့် သူစိမ်းယောကျ်ားနှစ်ယောက် အကြ ည့်စိုက်နေသည်မှာ လူကြားလို့ကောင်းသလား။ အထူးသဖြင့် ငါ့ကိုအလယ် မှာထားပြီးတော့လေ....။ မိမိမှာ သတိပေးချောင်းဟန့်လိုက်သော်လည်း လ ဒူလအ အလိုက်ကမ်းဆိုးမသိ သားဖြစ်သူမှာ...

"ဟမ်...အဘချောင်းဆိုးနေတာလား..သလိပ်ကပ်နေတာလား...ချွဲကပ်နေ တယ်ဆိုလည်း ချွဲပျော်အောင် လည်ချောင်းမီးမြှိုက်ကြည့်ပါလား..ဒါမှ မဟုတ်.. ပရုတ်ဆီမြိုချမလား...ဒါမှမဟုတ်.."

"တော်..တော်ပါတော့ အမလေး ငါ့ကိုသာ အသုဘတန်းချလိုက်ပါတော့ လား.. ငဒေါနရယ်.."

"ဟာ.. အဘကလည်း အသုဘကတန်းချလို့မရဘူးလေ အစဉ်အလာ အရ ..ခုနှစ်ရက်တော့စောင့်ပါအုံးဗျာ..."

"တယ်...ဒီမအေဘေးနဲ့တော့... "

သူကြီး၏ဆဲသံအဆုံးတွင် ထမင်းစားပွဲအောက်ရှိ ရေနွေးခွက်ပုံကြီးမှာ ဒေါနဆီသို့ ဦးတည်လျှက်.....

**********

ဒီလိုနဲ့ ရွာ၏ သန့်ရှင်းလတ်ဆတ်သော လေနုအေးလေးအား နေ့စဉ်ရှူ ရှိုက်၍ နိုးထရသည်မှာ အေးချမ်းမှုကိုကြိုက်သည့်ကျွန်တော့်အတွက်တော့ တကယ်ကိုစိတ်ချမ်းမြေ့စရာပင်။ ထိုနည်းတူစွာ သူကြီးသား ကြက်သူခိုး လေးအား နေ့တိုင်းမြင်တွေ့ခွင့်ရသဖြင့် ကျနော့်ရဲ့တနေ့တာက ပို၍အဓိပ္ပါယ်ရှိသည်ဟု ဆိုရမည်။ဘာမှမဆိုင်လည်း ရှိလိုက်..။

ဒေါန၏ အကြောင်းတချို့အား သူကြီးက တစ်ခါတစ်ရံပြောပြသဖြင့် တချို့ အချက်များအား ရင်းနှီးနေပြီဖြစ်သည်။ သို့သော် ဒေါန၏ ပညာရေးတော့မ

ပါသေး ။ ကနေ့ ကျန်းမာရေးမှူက မြို့တက်သွားသဖြင့် ဆေးခန်းပိတ်ရက်ရသည်။ ဒါကိုပင်အခွင့်ကောင်းယူ၍ ဒေါနဇ၏ ပညာရေးအား စပ်စုဖြစ်အောင် စပ်စုအုံးမည်။

ဟော ပြောရင်းဆိုရင်း အိပ်မှုန်စုံမွှားဖြင့် အခန်းထဲမှထွက်လာသည့် သူကြီးသားမှာ ကျွန်တော့်အားမြင်သည်နှင့် သူ့ထုံးစံအတိုင်း မျက်မှောင်ကြုံ့ခြင်း လေ့ကျင့်ခန်းကိုစတင်၏။ သို့သော်အပြစ်မမြင်ရက်ပါ။

" ကြက်သူခိုးလေး နိုးပြီလားခင်ဗျ.."

"ခင်ဗျား ကျုပ်ကို ကြက်သူခိုးလို့နောက်ခါထပ်ခေါ်ရင် သွားကျွတ်အောင်ထိုးပြီနော်...ဒေါက်တာ"

"အေး..အေးပါကွာ နောက်ခါမခေါ်တော့ဘူးလို့ မင်းကလည်း စိတ်ချည်းပဲ.. "

မိုးလင်းလာကတည်းက သူကြီးသားတို့က အစွာလေးနဲ့ ထတာဗျာ.. လူအများချစ်ခင်လေးစားခြင်းခံရတဲ့ကျွန်တော့်လို ဆရာဝန်အား ဒင်းက သွားကျွတ်အောင်ထိုးမယ်တဲ့လေ.. ပြောရက်လေခြင်းဗျာ။

ဘယ့်နှယ့်ကြက်လေးတစ်ခါခိုးမိပါတယ် ပြောလို့ကိုမဆုံးတော့ဘူး ပြီးတော့သူမြင်တာလည်း မဟုတ်ဘဲ သက်သက်ပါးစပ်အရသာခံတာ....။

" ဒါနဲ့ မင်းကိုကိုယ်မေးစရာရှိလို့ အဲ့တာမေးသင့်လား''

"မမေးသင့်ဘူး''

"ဟင် ဘာမှတောင်မမေးရသေးဘူးလေ''

"အေးလေ ခင်ဗျားလည်း ဘာမှစမမေးရသေးဘဲ ...''

"ဒါဆိုမေးမယ်နော်....''

"မေးဗျာ မြန်မြန် မေးစရာရှိတာကို ခင်ဗျားကလေ လူပုသလောက် -ီး

အတော်ရှည်...''

*အရိုင်းအစိုင်းသူခိုးကောင်*ဟု စိတ်ထဲကသာခပ်ကြိတ်ကြိတ် ရေရွတ်လိုက်သည်။ အပြင်မှာပြောလျှင် သွားကျွတ်လိမ့်မည်...။

"မင်း...ဘာနဲ့ကျောင်းပြီးတာလဲ ''

"ဒါလား... ကျုပ်က ဘီကွမ်း လေ.... ''

"ဟင်.. အဲ့လို ဘွဲ့မျိုးမကြားဖူးပါဘူး မင်းတို့နှစ်မှ အသစ်လား အဲ့တာ...''

"ဘယ်ကသာ ဘီကွမ်းဆိုတာ ဘီယာသောက်လိုက် ကွမ်းစားလိုက်နဲ့ ရွာမှာအလေလိုက်နေတာကိုပြောတာ.....''

"ဟား....... ကိုယ့်မှာတကယ်ထင်လို့ကွာ... အတည်ပြောပါကွ...''

"ဟ!! ဒီဆရာဝန်အတော်စပ်စုပါလား..ကျုပ်က ဘွဲ့ရဖို့နေနေသာသာ သုံးတန်းတောင် သုံးထပ်ကွမ်းနဲ့ ကျတာဗျားးး..''

" ဟေ....ဘာကြောင့်လဲ''

"စော်ဝိုက်နေလို့လေဗျာ...''

"အော်...''

သကောင့်သား၏ ထိုတန်ဖိုးကြီးစကားကြောင့် အံ့သြတကြီးဖြင့် 'အော်... ' တစ်လုံးသာပြောနိုင်တော့သူမှာ ကျွန်တော်ပင်။ နောင်များဆိုရင်ဖြင့် ဒင်းအား ပညာရေးအကြောင်း ဘယ်တော့မှ မမေးတော့ပါ။

ကျွန်တော်တို့နှစ်ဦးရဲ့ ရင်းနှီးကျွမ်းဝင်မှု သံယောဇဉ်ကြိုးမျှင်မျှင်ကလေးသည် ဤစကားဝိုင်းလေးမှ စတင်၏...

***

## အပိုင်း ၃

"ဟော့ ဒေါနလာပါအုံးကွာ အဘကိုနှိပ်ပေးစမ်းလူလေးရယ် မနက်အစော ထပြီး ရှာပတ်လျှောက်လိုက်တာ ခြေထောက်တွေ ကိုက်နေရောပဲ…"

" အဘက ဘာလို့ ရှာပတ်လျှောက်တာလဲ.."

"အော်.. တယ်လီဖေးရှင်းထဲကလို စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့လေကွာ.."

"ခုတော့ စောစောခြေထောက်ကိုက်ကြပါစို့ဖြစ်နေပြီမလား"

" မင်းကလည်းကွာ အတော်အရစ်ရှည်တာ လုပ်စမ်းပါ နှိပ်စမ်းပါ"

" ဒါနဲ့ အဘ မက်စ်ပလက်ကိုတွေ့မိသေးလား ကျူပ်ရှာတာနဲ့နေပြီမတွေ့ဘူး"

" ကုန်သွားပြီနေမှာပေါ့ ကိုကာကိုလာဝယ်သောက်လိုက်လေ နှိပ်စမ်းပါဆို စကားအတော်များတာပဲ မင်း"

"ဟာ..အဘကလည်း မက်စ်ပလက်ဆိုတာ အိမ်အောက်က ခွေးမလေးကို ကျူပ်ဗိုလ်ဆန်ဆန်ပေးထားတဲ့နာမည်ဗျ နေအုံး ကျူပ်ထွက်ရှာပါအုံးမယ် အဲ့တာ အဘ လိမ်လိမ်မာမာ အိမ်စောင့်နေခဲ့နော်....မိုးမချုပ်ခင်ပြန်ခဲ့မယ်"

ပြောချင်ရာပြောပြီးထွက်သွားသော သားဖြစ်သူ၏ ကျောပြင်ငယ်အား တစ်စိမ့်စိမ့်ကြည့်ကာ တစ်ရိပ်ရိပ်တက်လာသောဒေါသနှင့်အညီအော်ပြောလိုက်သည်ကား....

"ဒီမအေဘေး....မင်း ပြန်လာရဲပြန်လာကြည့်စမ်း ထိပ်တုံးပဲ ခြေထောက်

ကိုက်လို့ပါဆို အားကိုးလို့ကိုမရဘူး မွေးရကျိုးမနပ်တဲ့ကောင်''

ဒေါ်န အဘအား မနှိုပ်ချင်၍ သက်သက်အကျင့်ယုတ်ကာ အိမ်ကထွက်လာသော်လည်း ဘယ်သွားရမှန်းမသိ။ သူရတို့စံပတို့ကလည်း မြို့တက်သွားတာ ပြန်မရောက်သေးပေ။ မထူးပါဘူးလေဆိုပြီး တက်ကြွသောခြေလှမ်းတို့ဖြင့် ရွာဆေးပေးခန်းသို့သာ ဦးတည်ခဲ့သည်။

ဆေးပေးခန်းရောက်သည်နှင့် မြင်လိုက်ရသည့်မြင်ကွင်းမှာ ရင်ဝကိုစောင့်ကန်လိုက်သလိုပင် အမျိုးအမည်မသိခံစားချက်ကိုဖြစ်ပေါ်စေ၏။

ရွာတောင်ပိုင်းက ကွမ်းတောင်ကိုင်မစံပယ်သည် ဒေါက်တာသူရိန်ရှင်းနောင်၏ လက်အား မလွှတ်တမ်းကိုင်ထားပုံမှာ သောက်မြင့်ကပ်စရာအလွန်ပင် ကောင်းလှသည်။ အမလေး… ဟိုဒေါက်တာကလည်း ဒီလောက်အကိုင်ခံနေရတာတောင် ပြုံးလို့ချိုလို့ပါလား…

"အဟမ်း…အဟမ်း…''

အကြည်စိုက်နေကြသည့်နှစ်ယောက်အား သိလိုသိငြား ချောင်းဟန့်သံပေးလိုက်သော်လည်း ဒင်းတို့က ကြားပုံမပေါ် အေးပေ့ါ မွှန်နေကြတာကိုး….

" အဟမ်း… မိစံပယ် နင်ဒီနေ့ လက်ကိုလွှတ်အုံးမှာလား..''

ထိုအခါမှ သတိဝင်လာကာ လက်ကိုအမြန်လွှတ်ပေးလာသော ထိုနှစ်ယောက်အားကြည့်၍ ကိုယ်နဲ့ မဆိုင်ပါသော်လည်း ဘာကြောင့် ရင်ဖက်ထဲက နာနေပါလိမ့်… ခုက အဘကို မနှိုပ်ပေးခဲ့လို့ ဝဋ်လည်တာနေမှာပါဟုသာ စိတ်ထဲဖြည့်တွေးလိုက်မိသည်။

" ကိုသူရိန် စံပယ်သွားပြီနော် ဟို..ပြောထားတဲ့ကိစ္စလည်းမမေ့နဲ့အုံးနော်
''

ဘာတဲ့ ဒေါက်တာဆိုဒေါက်တာပေ့ါ ဘာကိုသူရိန်လဲ ရာရာစစ ငါတောင် သူ့ကို ကိုသူရိန်လို့မခေါ်ဘူး ။

"ဟုတ်ကဲ့မစံပယ် မမေ့ပါဘူးဗျ ဂရုစိုက်သွားပါ"

အက်မယ် သူကလည်း လူနာကို လူနာလို့မခေါ်ဘဲ မစံပယ်တဲ့ အံ့ရော အံ့ရော..။

မစံပယ်ပြန်သွားပြီးသည်နှင့် တော်တော်နှင့်မဝင်သေးဘဲ ဆေးခန်းဝတွင် ရပ်ကာ မှိုင်နေသော ဒေါနမှာ အတွေးလွန်နေပုံ။

" ဒေါန ဝင်လာခဲ့လေ ဘာကိစ္စရှိလို့ဆေးခန်းထိရောက်လာသလဲ.. သူကြီး နေမကောင်းလို့လား"

"မဟုတ်ဘူး.... ခွေးပျောက်သွားလို့" ဟုမဆီမဆိုင်စကားကိုဆိုကာ ပြေးထွက်သွားသော ဒေါနကြောင့် ဒီတစ်ခါ စဥ်းစားခန်းဖွင့်ရသူမှာ ကျွန်တော်ပင်ဖြစ်သည်။ ဆေးခန်းနဲ့ ခွေးပျောက်တာနဲ့ ဆိုင်လို့လား... ဒေါနကရော ဘယ်တုန်းကခွေးမွေးလိုက်တာလဲ အာ...မသိတော့ဘူး ပြန်မှမေးကြည့်ရမယ် ။

ခေါင်းငိုက်စိုက်နှင့် အိမ်ပြန်လာသော သားဖြစ်သူကြောင့် အိမ်ဝမှစီးကာ

"ဟိတ်ကောင် မင်းသွားရှာတဲ့ခွေးရော ဘယ်မလဲ"

"လင်နောက်လိုက်သွားပြီ"

ဟူ၍ မဆီလျော်သော စကားအားဆိုကာ အိပ်ခန်းထဲဝင်သွားသော ထိုကောင်လေးမှာ မပျော်ရွှင်စရာတစ်ခုခုတော့ရှိနေပြီထင်၏။

မျက်နှာမှာလည်း ခရမ်းသီးမီးဖုတ်ကြီးလို မဲမှောင်လျှက်...

မိတဆိုးလေးမို့ ငယ်ငယ်ကတည်းက အရိပ်တကြည့်ကြည့်ဖြင့် မိခင်လို တစ်မျိုး ဖခင်လိုတစ်ဖုံ သူငယ်ချင်းလိုတစ်နည်း အုပ်ထိန်းလာခဲ့ရာ ဒီ

ကလေး၏အကြောင်းအား သူကြီးမှာနောကြေနေပြီဖြစ်၏။ ဆူဆဲနေပေမယ့် ဒီကလေးအား သူသိပ်ချစ်ပါသည်။ ပညာကိုဆုံးခန်းတိုင်အောင်မသင်ရသော်လည်း ရွာထဲရှိ ရွယ်တူကလေးများကြား မျက်နှာမငယ်ရလေအောင်လိုသေသေးမရှိ သူထားပါသည်။ ထိုကလေးမျက်နှာညိုးငယ်နေလျှင်သွားလေသူ ဇနီးအား အားနာရပါသည်။ သူယုံကြည်စိတ်ချလို့ ကိုယ့်လက်ထဲတွင် အပ်ထားခဲ့သည့် ဒီကလေးအား မျက်နှာတစ်ချက်မညှိုးစေချင်ပါ။ ဒါကြောင့် နောက်မှ ဘာဖြစ်လာကြောင်းအား ချော့မေးကြည့်ရအုံးမည်။

ဆေးခန်းက ပြန်သွားကတည်းက မျက်နှာမကောင်းသော ဒေါနမှာ ခုလည်း ဗိုက်မဆာဘူးဆိုသည့် အကြောင်းပြချက်ဖြင့် ညစာထွက်မစားပေ။

ဒါတော့မဖြစ်သေး ညအစာလွန်လို့ ဗိုက်အောင့်နေမည်ဆိုးသဖြင့် ထမင်းပန်းကန်ထဲသို့ ထမင်းဟင်းများအားပုံထည့်၍ အိပ်ခန်းတံခါးကိုအသာခေါက်မိသော် ဝင်ခဲ့ပါဆိုသည့် တုံ့ပြန်သံကြောင့် တံခါးအသာတွန်းဖွင့်ကာဝင်သွားလိုက်သည်နှင့် ကုတင်ပေါ်တွင် ဖက်ခေါင်းအုံးကလေးအားဖက်၍မှေးနေသူမှာ မျက်နှာထက်ရှိ ဝမ်းနည်းရိပ်ကို မျက်စိမှိတ်ထားပါသော်လည်း မဖုံးကွယ်နိုင်။ ဘာတွေဝမ်းနည်းပက်လက်ဖြစ်နေပြန်တာလဲကွာ။

"ဒေါနထမင်းထစားလိုက်ပါ ညလယ်ကျမင်း ဗိုက်အောင့်နေလိမ့်မယ်... ကိုယ်အသင့်နူးခပ်ခဲ့တယ်.."

"မစားချင်ပါဘူးဆို ခင်ဗျား ဘယ်လိုဖြစ်နေလဲဗျာ..ကျုပ်ရင်ပြည့်နေလို့ "

သူကြီးကိုမေးကြည့်သော် နေ့လည်ကတည်းက ဘာမှမစားရသေးသည့်သူက ရင်ပြည့်နေသည်ဆိုတာ လုံးဝမဖြစ်နိုင်ပါ။ ကိုယ့်ကိုကိုယ်ဘာကြောင့်များ ဒုက္ခပေးချင်နေလဲ..။

"မရဘူး ရင်ပြည့်ရင် ဆေးတိုက်မှာမို့ ခုထမင်းလေးထစားလိုက်ပါကွာ..."

"မထဘူးဗျာ မထဘူး ခင်ဗျား ဘယ်လိုဖြစ်နေလဲ ကျုပ်ထထိုးတော့မှာနော် ဒေါက်တာ''

"ထထိုးလည်းထိုးကွာ မင်းသာထမင်းစားမယ်ဆိုရင် ဘာနဲ့ထိုးထိုးခံမယ် ''

"ဘာ ဘာကိုဘာနဲ့ထိုးထိုးလဲ ခင်ဗျား ညစ်တီးညစ်ပတ်နဲ့ ဦးနှောက်မဲကြီး...''

သူ့ဘာသာသူ တွေးချင်ရာတွေးပြီး မလုံမလဲဖြစ်ကာ ဖက်လုံးကြီးကို အတင်းမျက်နှာအပ်ထားသော ကောင်လေးမှာ ခုနက ကျနော့်အားရန်တွေ့နေသူမှ ဟုတ်ပါလေစ။

" ရော်..ခက်ပြီ ကိုယ်က လက်ညှိုးတို့မျက်စောင်းတို့နဲ့ထိုးတာကိုပြောတာလေ မဟုတ်မှမင်း.....''

"ဟာဗျာ....-ီးနဲ့ထိုးမှာ -ီးနဲ့ထိုးမှာဗျာ ခင်ဗျားကို''

ဟုဆိုပြီး ကျွန်တော့်အား ဖက်ခေါင်းအုံးနှင့် ထရိုက်သည့်အရိုင်းအစိုင်းလေးမှာ သူ့အရှိန်သူမထိန်းနိုင်၍ ကျွန်တော့်ပေါ်သို့ ပြိုကျလာလေပြီ။ ခုဆိုကုတင်ပေါ်မှာ သူ့ခါးလေးအားကျနော်လှမ်းထိန်းလို့ သူက အပေါ်က ကျနော်ကအောက်က...။ နှစ်ဦးစလုံး၏ နှလုံးသားရထားလေးသည်လည်း တဒိတ်ဒိတ်နှင့်ခုတ်မောင်းနေသည်မှာ တိတ်ဆိတ်နေသော အခန်းငယ်အတွင်း ကျယ်လောင်စွာ မြည်ဟီးလျှက်။

ထိုသို့တရားဝင်ဖြစ်တည်သည့် ရင်ခုန်သံမှစတင်လို့ ကျွန်တော်သူ့ကို ချစ်မိတာသေချာပါ၏။

***

## အပိုင်း ၄

"ဒေါနရေ အဘဒီနေ့ ရွာဦးကျောင်းမှာ တစ်ဖက်ရွာက ဗေဒင်ဆရာ ရောက်နေလို့ သွားအုံးမယ်ကွယ် အဲ့တာ မင့်ဆရာလေးကို ထမင်းချိုင့်သွား ပို့လိုက်မနက်က ထမင်းမကျက်သေးလို့ ထမင်းချိုင့်မထည့်ပေးလိုက်ရဘူး"

"အာ..အဘကလည်း ကျုပ်ဆရာလေးဆိုတာကြီးက ဘာကြီးလဲဗျ ''

"ဟ..ဒီကောင်နဲ့တော့ ငါကစကားအဖြစ်ပြောတာပါဟ.. အဘမှာတာမမေ့ နဲ့အုံးနော် ကြားလား ဆရာလေးနဲ့လည်း ရန်ဖြစ်မနေနဲ့အုံး ငါပြန်လာလို့ ဆရာလေးကို အနိုင်ကျင့်သံကြားရင် ရွာဦးကျောင်းကဆရာတော် ကြိမ်လုံး နဲ့ဖင်လှန်ပြီးရိုက်မယ် ...''

"အင်းပါ အဘရဲ့သွားမယ့်သာသွားပါ ကျုပ်သိပါတယ် တော်ကြာ ကျုပ်ကို ကြိမ်လုံးနဲ့မရိုက်ခင် အဘအရင်ကြိမ်လုံးစာမိနေမယ်.. ''

အဘထွက်သွားပြီးသည်နှင့် ဟိုကောင်တွေနဲ့ ချိန်းထားသည့် ထန်းရည် ဆိုင်သို့ ထွက်ခဲ့သည်။ မနေ့ညက အဖြစ်အပျက်ကြောင့် ဒေါက်တာအား ကျုပ်မျက်နှာချင်းမဆိုင်ချင်ပါ ။ ယောကျ်ားတစ်ယောက်အပေါ် ရင်ခုန် နေသည်မှာ သိပ်ကိုထူးဆန်းနေသည်မဟုတ်လား ။ အင်း.... ထမင်းချိုင့် သွားပို့ဖို့အချိန်က လိုပါသေးတယ်လေ။ ဟိုကောင်တွေနဲ့ တစ်မြူလောက် ကစ်ရင်း မူမမှန်သည့် ရင်ခုန်သံအား ထန်းရည်ဖြင့်ဆေးချမှဖြစ်လိမ့်မည်...

"ဟ.... မင်းတို့က ငါ့မစောင့်ပဲ ဝိုင်းနေကြပြီလား ''

"မင်းလာတဲ့အချိန်ကိုလည်းကြည့်အုံးလေ ငါတို့က ဒီချိန်လောက်သောက်

မှ ညနေလောက်ကျ ရေချိုးကိုက်မှာ...''

ထပြောသူမှာ သူရစိုးဖြစ်သည်။

"လာစမ်းပါ.. ဒီမှာ မင်းအတွက်ဖယ်ထားပါတယ်ကွ...''

ပြောရင်းဆိုရင်းပင် ထန်းရည်ခွက်အား ကျုပ်ဆီကမ်းလာပေးသူမှာ စံပအောင်ဖြစ်သည်။

ဒင်းတို့နှစ်ကောင်က ကျုပ်ရဲ့ ငယ်ပေါင်းကြီးဖော်တွေပေါ့ဗျာ။ သူရစိုးက သူ့အဖေပွဲရုံကို ဦးစီးနေသူ၊ စံပအောင်မှာတော့ မြို့က ကုမ္ပဏီဝန်ထမ်း၊ ဒီကောင်တွေနှစ်ကောင်စလုံးက ဘွဲ့ရပညာတတ်တွေဗျ ကျုပ်ကသာမူလတန်းမှာ ကျကျန်ခဲ့တာ သို့ပေမယ့် ကျုပ်က စောက်ချောကြီး...။

ဒီလိုနဲ့ တစ်မြူလောက် တစ်မြူလောက်နှင့် တစ်မြူပြီး တစ်မြူချနေသည်မှာ ခုဆို လေးငါးမြူတောင်ရှိပြီ။ လူလည်း လျှာလေးအာလေးနဲ့ အတော်ပင်ရေချိုးကိုက်နေပြီဖြစ်သည်။

". .အေ့..ဟေ့.ကောင် ဒေါန.. မင်းအိမ်မှာ အေ့ မြို့က ဆရာတော်ရောက်နေတယ်ဆို အေ့...''

". .အေ့..မင်းကြီးတော်ကြီး ဆရာတော်ရမှာလား..အေ့ ဆရာဝန်ဟ ဆရာဝန်လှလှလေး အေ့...''

ဆရာဝန်ဆိုသည့် အသံကြားသည်နှင့် မနက်က အဘခိုင်းထားသည့် အလုပ်အား သတိရသွားပြီး ပုဆိုးကိုစလွယ်သိုင်းလို့ ဖိနပ်နှစ်ဖက်အား လက်တွင်ထိုးလျှိုကာ ဒယိမ်းဒယိုင်ဖြင့်ထပြေးသည့် ဒေါနကြောင့် ထန်းရည်ဆိုင်တွင်ကျန်ခဲ့သော အမူးသမားနှစ်ကောင်မှာ အလန့်တကြားနှင့်..

"ဟာ..ဟိတ် အေ့ ဟိတ်..ဟိတ်ကောင်ဘယ်တုန်းလို့..အေ့ ...''

အမူးသမားစံပကပြောလာသည်ကို

" အေ့ ဒီကောင် ထန်းရည်ဖိုး…မရှင်းချင်လို့ ..အေ့..ပြေးတာ..နေမယ် အေ့..သောက်စရာရှိတာ..အေ့ သောက်…ပြီးရင်..အေ့ ..တို့လည်း ပြေးမယ်..အေ့ မှားလို့..ရှင်းမယ်လို့.."

**********

"သူကြီးရေ ဗျို့သူကြီး… "

"ဟေ…. မောင်သံချောင်းပါလား ဘာကိစ္စတုန်းကွ"

"သူကြီးသားကိုကြီးဒေါနကိစ္စဗျို့ ကိုကြီးဒေါန အခုရွာလယ်မှာ မူးပြီး တစ်ရွာလုံးကို လိုက်ကန်တော့နေလို့ အဲ့တာ သူကြီး လာထိန်းပေးပါအုံး…"

"ဟေ…ငါလာပြီ.. လာပြီ.. ဆရာလေးရေ အိမ်မှာ တစ်ယောက်ထဲဖြစ်ရဲ့လား ကျုပ်ဟိုခွေးသူခိုးကိစ္စ သွားဖြေရှင်းလိုက်အုံးမယ်.."

"ဖြစ်တယ် သူကြီးရေ… ဒေါနကိုသာပါအောင်ခေါ်လာခဲ့ပါနော်.. ကျွန်တော်အိမ်ကစောင့်နေမယ်ခင်ဗျ.."

"လာ..သံချောင်း ဒေါနရှိတဲ့နေရာငါ့လိုက်ပြစမ်း…"

မူးပြီးရန်ဖြစ်တယ်ဆို ကြားကောင်းပါသေးရဲ့..

ဒင်းကတော့ မူးပြီး တစ်ရွာလုံးကို ပတ်ကန်တော့နေသည်တဲ့လား ဒီကောင်ငါ့ကို သိက္ခာချနေပြီ… မြခက်ရေ…. မင့်သားက ငါ့ကို သိက္ခာချဖို့များ တမင်မွေးပေးထားခဲ့သလားကွာ….။

တွေ့ပါပြီ တွေ့ပါပြီ ပုဆိုးစလွယ်သိုင်းနဲ့ ဖိနပ်ကြီး လက်မှာဝတ်လို့ တစ်ခြိဝင်တစ်ခြံထွက် လိုက်ကန်တော့နေသည့် မိမဆုံးမ မိမဆုံးမလေးမှာ သူ့ကိုယ်သူ တန်ဆောင်တိုင်ပွဲတော်ဆင်နွှဲနေတယ်များ ထင်နေလေသလား။ အားရပါးရ ကန်တော့နေလိုက်တာများ ဖင်ကြီးကိုမိုးပေါ်ထောင်လို့။ ပါးစပ်

မှလည်း...

"ရွာဦးကျောင်းကဆရာတော်ကိုလည်း ဦးတော်ပါ အရီးလှရီကိုလည်း ဦးတော်..... စာဥကိုလည်း ဦးတော်ပါ.... တစ်ရွာလုံးကိုလည်း ဦးတော်.........."

ဟာ...ဒီမအေဘေးနဲ့တော့...

"ဟော့ကောင်....ဒေါန."

"အေ့...ဘာတုန်းကွ.... အေ့ ဘာမှလာမပြောနဲ့ ဦးတော်ပဲ ဟျောင့်.. ဒေါနရောင်တို့က ဘယ်ကောင်မှမကြောက်လို့ စိန်ခေါ်ပြီး လိုက်ကန်တော့နေတာ အေ့... သတ္တိရှိရင် ...ဝမ်းဘိုင်ဝမ်း ကန်တော့မလား ဟမ်း... အေ့..ဒေါနရောင်ကွ တစ်ရောင်ထဲရှိတယ် အေ့ နှစ်ရောင်ရှိရင် တစ်ရောင်ပြုတ်သောက်ပစ်လိုက်မယ်..."

နှစ်ရောင်ရှိရင်တစ်ရောင်ပြုတ်သောက်မယ် ဆိုတဲ့ဒင်းအား အိမ်ပြန်ရောက်ရင် ထောင်းသောက်ချင်စိတ်ပေါက်နေပြီဖြစ်သည်။ကိုယ့်အဖေကိုယ်တောင်မမှတ်မိရအောင်ဒီကောင် ခွေးသောက်နွားသောက်သောက်လာသည် ထင်ပ့ါ။ စိတ်ကိုအတတ်နိုင်ဆုံး ဆွဲဆန့်ကာ ချော့ခေါ်မည်ပြုသော်....

"သား..ဒေါနရောင် ..အဘလေ လူလေးရဲ့ လာပါ လမ်းမကြီးမှာ ရှက်စရာကြီးကွာ အဘနဲ့အိမ်ပြန်ရအောင် နော်.. .အဘမင်းကိုအိမ်ပြန်ရောက်ရင် ထိပ်တုံးစွပ်ပြုတ်လေး လုပ်ကျွေးမယ်လေ လာပါကွာ အဘသားကလိမ်မာပါတယ်...လာ..လာ.."

"ဟမ်..အဘလား အေ့ ....ကျုပ်ရဲ့ အဘ အေ့.. သူကြီးဦးဘရောင်လား...အွမ်း..ဒါဆို ပြန်မယ် အေ့.. ပြန်မယ် ကျုပ်အိမ်ပြန်မယ် ဒါနဲ့ မေးပါအုံးမယ် ကျုပ်တခါဖူးမှ အေ့..အဲလိုဟင်းမျိုး အေ့...မကြားဖူးပါဘူး အဘ ကျုပ်ကိုဂျင်းထည့်နေတာမလား ကျုပ်က တောသားပေမယ့် လူလည်ပါဗျ ကျုပ်ကို

ဂျင်းထည့်လို့ရမယ်မထင်နဲ့ အေ့..လိုက်ဘူးဗျာ အဘဘာသာသွား...အေ့..''

"ဒါဆို ကြိမ်လုံးဆီပြန်ချက်ရော ငါ့သားရဲ့..."

"ဟင်...ကြိမ်လုံးဆီပြန်ချက်လား အင်း..."

ထိုအခါမှ ဒင်းကစကားတစ်ထောက်နား၍ ခေတ္တတွေးတောနေဟန်ပြုကာ...

"အင်း...စားမယ် စားမယ် ကျုပ်က ဆီပြန်ချက်လေးမှကြိုက်တာ အဘသိရက်နဲ့...လာ...အေ့..လာပြန်မယ်..ဟယ်လိုး အားလုံးပဲ သွားပြီနော် အေ့နောက်နေ့မှ ဆက်ကန်တော့မယ် တာ့တာနော်..... ''

အမူးသမားအား စိတ်ရှည်လက်ရှည်ချော့မော့၍တွဲခေါ်လာခဲ့ရာ အိမ်ဝိုင်းဝအရောက်တွင်...

" နေ..အေ့ နေအုံးဗျ အဘမျက်နှာကိုမြင်ဖူးပါတယ်လို့ ကြည့်...အေ့ ..နေတာ လက်စသတ်တော့ ကျုပ်အမေယောက်ျားနဲ့ အေ့.. သွားတူနေတာပဲ လျှပ်တစ်ပြက်ဆိုတော့ မမှတ်မိဘူး ဖြစ်နေတာ ..အေ့....ဆောလီးးးဗျာ ဆောလီး...''

တလမ်းလုံးစိတ်ကိုဆွဲဆန့်လာရာမှ ခြံဝတွင် ဒင်းပြောလိုက်သည့်စကားကြောင့် ဒင်းအား အမွှေးနုတ်ပြုတ်သောက်ချင်စိတ်မှာ ပေါက်ကွဲတော့မည့်မီးတောင်ကြီးကဲ့သို့ တဖွားဖွား...။

သူကြီးသား ငမူးလေးမှာ သိပ်ကိုဆိုးလွန်းပါသည်။ သို့သော်အချစ်နှင့်ကြည့်၍ အပြစ်မရှိ...။

***